သတင်းထုတ်ပြန်ချက်

**A bank** မှ ဘဏ်လုပ်ငန်းဆိုင်ရာ အထူးသီးသန့်ဝန်ဆောင်မှုတစ်ခုဖြစ်သော **Privilege Banking** ၏ **THE ICONIC** နှင့် မိတ်ဆက်ခြင်း

**မြန်မာ၊ ရန်ကုန်၊ (၂၇)ရက်နေ့ ၊ ဇွန်လ ၊ ၂၀၂၂ ခုနှစ်** - A bank ရုံးချုပ်ရှိ ဘဏ်လုပ်ငန်းဆိုင်ရာ အထူးသီးသန့် ဝန်ဆောင်မှုပေးသော Privilege Banking ဌာနမှ THE ICONIC ဝန်ဆောင်မှုသည် THE ICONIC Member များအတွက် ပိုမိုကောင်းမွန်ထူးကဲသောဝန်ဆောင်မှုများအပြင် ဘဏ်လုပ်ငန်းဆိုင်ရာ၊ လူမှုရေးဆိုင်ရာ နှင့် အခြားသောနယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံမှုအကျိုးကျေးဇူးများ ရရှိနိုင်ရန် ရည်ရွယ်၍ တရားဝင်မိတ်ဆက် ကြေညာလိုက်ပါသည်။ ဤကြေညာချက်တွင် A bank ရုံးချုပ်တွင်ရှိသော THE ICONIC Lounge နှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အထူးသီးသန့်ဝန်ဆောင်မှုများကိုပါ တစ်ပါတည်းကြေညာအပ်ပါသည်။ A bank မှ ၆ နှစ် ကျော်တိုင်အောင် ဝန်ဆောင်မှုပေးလျက်ရှိပြီး ဘဏ်လုပ်ငန်းဆိုင်ရာ အထူးသီးသန့်ဝန်ဆောင်မှုပေးသော Privilege Banking ဌာန၏ “THE ICONIC” ဝန်ဆောင်မှုအား ဂုဏ်ယူစွာဖော်ပြလိုက်ပါသည်။

THE ICONIC သည် Personalized Banking ဝန်ဆောင်မှုများကို ဆောက်ရွက်ပေးခြင်းနှင့် Lifestyle Prilvilege ဝန်ဆောင်မှုများအပြင် တန်ဖိုးထားရသော THE ICONIC Member များအား ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်ထားသော အထူးသီးခြားဘဏ်ဝန်ဆောင်မှုတစ်ခုဖြစ်ပါသည်။

THE ICONIC Member များအနေနဲ့ ဘဏ်လုပ်ငန်းဆိုင်ရာနှင့် ငွေကြေးဝန်ဆောင်မှုများကို အဆင်ပြေ ချောမွေ့စွာ လုပ်ဆောင်နိုင်ရန် အထူးရည်ရွယ်ထားသော သီးခြားဘဏ်ဝန်ဆောင်မှုတစ်ခုလည်း ဖြစ်ပါသည်။

THE ICONIC Member ဖြစ်ခြင်းဖြင့် ဦးစားပေး ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများ၊ အဆင့်အတန်း မြင့်မားသော အထူးသီးသန့်ဝန်ဆောင်မှုများကို THE ICONIC မှ သီးသန့်ခန့်အပ်ထားသော ထူးချွန်ထက်မြက်၍ အရည်အချင်းပြည့်ဝပြီး သီးသန့်ခန့်အပ်ထားသော အတွေ့အကြုံရှိ Relationship Manager များမှတစ်ဆင့် ရရှိနိုင်ရုံသာမက ဘဏ်တွင်းသာလွန်သော ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ၊ အဆင့်အတန်း မြင့်မား၍ အထက်တန်းကျသော အထူးနားနေခန်းမနှင့် သီးသန့်အစည်းအဝေးခန်းများအသုံးပြုနိုင်ခြင်း၊ ဘဏ်လုပ်ငန်း

No.(108), Corner of Kabaraye Pagoda Road and Natmauk Road,BoCho(1) Quarter,
Bahan Township, Yangon.
01-9559399, 8430963 ~ 66
www.abank.com.mm

A bank
standing with you

ဆိုင်ရာဝန်ဆောင်မှုများရယူနေချိန်တွင် High-tea ဝန်ဆောင်မှုရယူပြီး နားနေစောင့်ဆိုင်းနိုင်ခြင်း၊ ငွေသားနှင့် ချက်လက်မှတ် ကောက်ခံပေးခြင်း နှင့် Member လိုအပ်ချက်များအလျောက် ပြည့်စုံထူးခြားသော လူနေမှု ဝန်ဆောင်မှုများ၊ ကုန်ပစ္စည်းများကို ရယူနိုင်ပါသည်။

လူကြီးမင်း၏ Priority Pass Membership ဖြင့် ကမ္ဘာ့နေရာအနှံ့တွင် ရှိသည့် လေဆိပ်များ၏ ဧည့်ခန်းမဆောင်ပေါင်း ၁,၃၀၀ ကျော်အား အသုံးပြုခွင့်ရနိုင်မည်ဖြစ်ပါသည်။ ခရီးထွက်သည့်အခါ လေယာဉ်ပေါ်သို့ တက်ရန်စောင့်ဆိုင်းနေချိန်အတွင်းတွင် THE ICONIC နှင့်ချိတ်ဆက်ထားသော ဧည့်ခန်းဆောင်များ၌ သက်တောင့်သက်သာရှိစွာ အနားယူနိုင်ခြင်း၊ လေဆိပ်အတွင်း ကြိုပို့ယာဉ်ဖြင့် သွားနိုင်ခြင်း၊ Fast-Track ဝန်ဆောင်မှုဖြင့် လူဝင်မှုကြီးကြပ်ရေး ကောင်တာများတွင် အချိန်ကုန်ခံ တန်းစီစောင့်ဆိုင်းရန် မလိုအပ်တော့ဘဲ အထူးခံစားခွင့်ကို ရယူနိုင်ပါသည်။ ထို့အပြင် ရန်ကုန်မြို့နှင့် အခြားအထင်ကရမြို့ရှိ အဆင့်မြင့်ဆေးရုံများမှပေးအပ်သော ခံစားခွင့်များ၊ နိုင်ငံတကာအဆင့်မီ Hotel နှင့် စားသောက်ဆိုင်များမှ ပေးအပ်သောအထူးခံစားခွင့်များကိုလည်း အနည်းဆုံး သိန်းထောင်ချီ စာရင်းသေ အပ်နှံထားသော THE ICONIC Member များအားလုံး Member ကဒ်ပြရုံနှင့် ရယူနိုင်မည်ဖြစ်ပါသည်။

“ကျွန်ုပ်တို့ရဲ့ THE ICONIC Member များအား ဘဏ်လုပ်ငန်းဆိုင်ရာအထူးသီးသန့်ဝန်ဆောင်မှုကို သက်တောင့်သက်သာနဲ့ ယုံကြည်စိတ်ချရသော အထူးအကျိုးခံစားခွင့်များနှင့် လူမှုဘဝအကျိုးခံစားခွင့်များကို ကျွန်ုပ်တို့ရဲ့ VVIP အရေးကြီးပုဂ္ဂိုလ်များကို ဦးစားပေး ဝန်ဆောင်မှုသွားမယ်လို့ ကတိပြုပါတယ်။ အကယ်၍ မြန်မာနိုင်ငံမှာရှိတဲ့ ဘဏ်တွေထဲမှအကောင်းဆုံးပေးနိုင်သော ဝန်ဆောင်မှုအချို့ကိုပြောပါဆိုရင် THE ICONIC ပါဝင်တာအသေချာပါဘဲ” ဟု A bank ၏ ဒုတိယအမှုဆောင်အရာရှိချုပ် ဦးရဲထွန်းဦးမှ ပြောကြားခဲ့ပါသည်။

အချိန်သည် တန်ဖိုးရှိသည့်အလျောက် THE ICONIC အဖွဲ့ဝင်ဖြစ်ခြင်းဖြင့် လူကြီးမင်းတို့၏ တန်ဖိုးရှိလှသော အချိန်များကို အချိန်ကုန်သက်သာစွာဖြင့် အကျိုးရှိစွာ စီမံခန့်ခွဲရာတွင် အထောက်အကူပြုမည်မှာ အသေအချာပင်ဖြစ်ပါသည်။

ပိုမိုပြည့်စုံသော THE ICONIC ဆိုင်ရာ အချက်အလက်များကို THE ICONIC Website - https://www.abank.com.mm/iconic_banking/en_US/ တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**A bank အကြောင်း (www.abank.com.mm)**

**A bank** သည် ယခင် ရောဝတီတောင်သူလယ်သမားများဖွံ့ဖြိုးရေးဘဏ်အဖြစ် လူသိများသည့် မြန်မာနိုင်ငံ၏ အရေးပါသော အများပြည်သူသုံးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာဘဏ် ဖြစ်ပါသည်။ **A bank** ကို မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ၂၀၁၅ ခုနှစ် ၊ နိုဝင်ဘာလ (၁၇) ရက်နေ့တွင် လိုင်စင်ရရှိခဲ့ပါသည်။ **A bank** မှ အများပြည်သူနှင့် စီးပွားရေးလုပ်ငန်းများအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ **A bank** မှ ခေတ်နှင့်အညီပြောင်းလဲလာသည့် ခေတ်မီနည်းပညာများ အသုံးပြု၍ ပိုမိုကောင်းမွန်သော ဝန်ဆောင်မှုအမျိုးမျိုး ကို သုံးစွဲသူများအတွက် ပေးနိုင်ရန်အစဉ်ကြိုးပမ်းလျက်ရှိပါသည်။


<u>မီဒီယာ ဆက်သွယ်ရန်</u>
ဒေါ်ကယ်လီမိုးလွင်
email: kellymoelwin@abank.com.mm
ဒေါ်အိမွန်ကြိုင်
email: eimonkyaing@abank.com.mm

<u>Business contact:</u>

ဒေါ်မာရီယာခိုင်
email: mariakhaing@abank.com.mm